ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းဒေသ လုံးပျဉ်ကျေးရွာအုပ်စု၊ နမ်းနိန်းကျေးရွာရှိ ရဟန်းသံဃာတော်များနှင့် အရပ်သားပြည်သူများအား အကြမ်းဖက်စစ်တပ်မှ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခြင်းအပေါ်

ပအိုဝ်းအရပ်ဘက် လူမှုအဖွဲ့အစည်းများ၏
သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့

၁။ ၂၀၂၃ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ လုံးပျဉ် ကျေးရွာအုပ်စု၊ နမ်းနိန်းကျေးရွာရှိဘုန်းကြီးကျောင်းတွင် ပုန်းခိုနေသည့် ရဟန်းသံဃာတော် (၃) ပါးနှင့် အရပ်သားပြည်သူ (၂၈) ဦးအား အကြမ်းဖက်စစ်တပ်မှ ရက်စက်စွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းသည် စစ်ရာဇဝတ်မှု၊ လူသားဖြစ်မှုကို ဆန့်ကျင်သည့်ရာဇဝတ်မှုများဖြစ်သည်။ ထိုသို့ ပြောင်ပြောင်တင်းတင်း ကျူးလွန်မှုအပေါ် ပအိုဝ်းအရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်တပ်အာဏာသိမ်းပြီးနောက် အကြမ်းဖက်စစ်တပ်မှ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းအပါအဝင် နေအိမ်၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အုံများအား မီးရှို့ ဖျက်စီးခြင်း စသည့်လုပ်ရပ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လျက်ရှိသည်။

၃။ နမ်းနိန်းကျေးရွာတွင် ဖြစ်ပွားခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း သကဲ့သို့သောလုပ်ရပ်သည် ပြည်သူလူထုတစ်ရပ်လုံး၏ လုံခြုံရေးကို ခြိမ်းခြောက်သည့်လုပ်ရပ်ဖြစ်သည်။ အကြမ်းဖက်စစ်တပ်သည် ၎င်းတို့ကျူးလွန်သော စစ်ရာဇဝတ်မှု၊ လူသားဖြစ်မှုကို ဆန့်ကျင်သည့်ရာဇဝတ်မှုများအပေါ် တာဝန်ခံရမည် ဖြစ်သည်။

၄။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှစပြီး ရှမ်းပြည်နယ်တောင်ပိုင်း ရှမ်း၊ ကရင်နီနယ်စပ် ဖြစ်သည့် ပင်လောင်းမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော နမ်းနိန်း၊ တောင်မဲသင်း၊ တောင်စလုံး၊ မြောက်စလုံး၊ လုံးပျဉ်၊ လွယ်ဟွေး၊ ပင်ပွံ့နှင့် ရွှေပြည်အေး စသည့် ကျေးရွာများတွင် အကြမ်းဖက်စစ်တပ်မှ လက်နက်ကြီး၊ လက်နက်ငယ်၊ စစ်လေယာဉ်များဖြင့် ပစ်ခတ်မှုများနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများကြောင့် ဒေသခံပြည်သူများ လွတ်မြောက်ရာသို့ ထွက်ပြေးတိမ်းရှောင် နေကြရသည်။ ထိုဒေသတွင် စစ်ဘေးရှောင်ပြည်သူများ အနည်းဆုံး (၆၀၀၀)ကျော် ထွက်ပြေးတိမ်းရှောင်နေရပြီး လူသားခြင်း စာနာထောက်ထားမှု အကူအညီ အရေးပေါ် လိုအပ်လျက်ရှိသည်။

၅။ နမ်းနိန်းကျေးရွာ ပြည်သူအစုလိုက် အပြုံလိုက်သတ်ဖြတ်ခံရခြင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော စစ်ပွဲသည် အကြမ်းဖက်စစ်တပ်မှ တိုင်းရင်းသားလူမျိုးစုအချင်းချင်းကြား လူမျိုးရေး

ပဋိပက္ခဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းဖြစ်သည်။ အကြမ်းဖက်စစ်တပ်၏ လက်အောက်ခံဖြစ်သော PNO/ PNA မှ လူမှုကွန်ယက်စာမျက်နှာများတွင် လူမျိုးရေးပဋိပက္ခ၊ ဘာသာရေးပဋိပက္ခ သွေးထိုးလှုံ့ဆော်သည့် အရေးအသားများကို ပုံစံအမျိုးမျိုးဖြင့် ပြောဆိုနေသည်။ ထိုသို့သွေးထိုးလှုံ့ဆော်ရေးသားခြင်းသည် အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သော စစ်ရာဇဝတ်မှု၊ လူသားဖြစ်မှုကို ဆန့်ကျင်သောရာဇဝတ်မှုများအား အားပေးအားမြှောက်သည့်လုပ်ရပ်နှင့် ဆက်လက်ကျူးလွန်ခွင့်ပေးသည့် လုပ်ရပ်များဖြစ်သည်။ ပြည်သူလူထုများအနေဖြင့် ခိုင်လုံသည့် သတင်းအရင်းအမြစ်များမှ တစ်ဆင့် သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာသုံးသပ်မှုများလုပ်ဆောင်ရန် မိမိတို့ ပအိုဝ်းအရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် လေးနက်စွာ တိုက်တွန်းသည်။

ဆက်သွယ်ရန်
၀၉၄၄၇၃၃၈၁၇
၀၉၂၉၈၄၀၆၅၆